မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သီရိလင်္ကာနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးသတိကြီးစွာဖြင့် တားဆီးကာကွယ်

မြန်မာနိုင်ငံကို အင်အားချည့်နဲ့သွားစေရန်အတွက် အဓိကလည်းကျ၊ တစ်ခုတည်းလည်းဖြစ်သော နည်းလမ်းမှာ ပြည်ထောင်စုပြိုကွဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုယိုယွင်းပျက်စီးရေးပင် ဖြစ်ပေသည်။ ထိုအချက်ကို ဖော်ဆောင်ရန်အတွက် နိုင်ငံရေးသစ္စာတရား နည်းပါးသူတို့ကို အသိမဲ့သော်လည်းကောင်း၊ သိပါလျက်သော်လည်းကောင်း စည်းရုံးသိမ်းသွင်း အသုံးချကာ တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်းကို ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာနိုင်ပေသည်။ ထို့ကြောင့် အမိနိုင်ငံတော်ကြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စိုးစဉ်းမျှပင် လွှမ်းမိုးချုပ်ကိုင်မှု မခံရစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းက နိုင်ငံရေးသတိကြီးစွာဖြင့် တားဆီးကာကွယ်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ -

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပြန်လည်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ပြန်လည်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးအား တညီတညွတ်တည်း ရွေးချယ်တင်မြှောက်

နေပြည်တော် ဖေဖော်ဝါရီ ၃

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ အစည်းအဝေးကျင်းပပြီး ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ရာ ဒုတိယသမ္မတအဖြစ် သီဟသူရ ဦးတင်အောင်မြင့်ဦးအား ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်)

အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်းရေး ပြုစုပျိုးထောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ဆရာ ဆရာမများသည် အရည်အသွေးမြင့်မားသော နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကို ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်၊ စည်းကမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ရာတွင် ကျောင်းစာတတ်ခုတည်းသာမက အကျင့်စာရိတ္တ၊ လူမှုဆက်ဆံရေး၊ အားကစားစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ဆရာ ဆရာမများက ကျောင်းသားလူငယ်လူရွယ်လေးများအား ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လဝီရိယရှိမှု၊ ကြိုးစားအားထုတ်မှု စသည်ဖြင့် ဘက်စုံပြီးပြည့်စုံနေစေရန် သွန်သင်ဆုံးမ ပုံဖော်ပေးကြရမည်ဖြစ်သည်။

ထို့ပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသောစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ပြည့်ဝလာသူများ ဖြစ်စေရန်၊ စည်းကမ်းလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

အလားတူ ခေတ်အမြင်၊ ခေတ်အသိ မြင့်မားပြီး အတွေးအခေါ်ဗဟုသုတ ရှင်သန်ထက်မြက်နေစေရန် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကိုလည်း ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည်ဖြစ်ရာ ကျောင်းသားကျောင်းသူများကိုလည်း ခေတ်မီသိပ္ပံနည်းပညာရပ်များ တတ်မြောက်ရန် သင်ကြားပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းကြရာတွင် ကိုယ့်ခွန်၊ ကိုယ့်အားဖြင့်ရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ဆရာ ဆရာမများက လူငယ်လူရွယ်များအား ပညာရည်ပြည့်ဝ နှလုံးလှသည့် နိုင်ငံ့သားကောင်းများဖြစ်ရေး ပြုစုပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်ကာလတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်း လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MANDALAY Exhibition 2011 ပြပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

MANDALAY Exhibition 2011 ပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

တိုင်းမှူးသည် ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးတိုင်းရင်းဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံးတိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်မိသားစုက တိုင်းရင်းဆေးဝါးများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ဌာနသုံးတိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းစာကြည့်တိုက်အထောက်အကူပြုပစ္စည်း ပန်းဘဲတန်းမြို့နယ်၌ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျောင်းစာကြည့်တိုက် အထောက်အကူပြုပစ္စည်း၊ စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်ပွဲ၊ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက အထက(၁) ဧကရီခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်(အောက်ဝဲပုံ)၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၂၆၀၀၀၀ တန်ဖိုးရှိ (Sky Net) စက်တစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာဆော့ဖ်ဝဲ တစ်ခုနှင့် စာအုပ် စာစောင် ၇၇၂ အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဟောပြော

ထို့နောက် သချာင်္ဆရာဦးအောင်သောင်းက သင်္ချာဘာသာရပ်နှင့် ပတ်သက်၍ လည်းကောင်း၊ ဒေါက်တာခင်မောင်ညိုက လူငယ်များ အောင်မြင်တိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်း အမှတ်(၁) မူလတန်းကြိုကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်းပေါင်းစုံကာယစွမ်းရည်ပြိုင်ပွဲကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြို ကျောင်းပေါင်းစုံမှ ရင်သွေးငယ်များက ကာယစွမ်းရည် ပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး (အပေါ်ပုံ)နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဓနုတိုင်းရင်းသားရိုးရာ ဩော်ခံပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဓနုတိုင်းရင်းသား မိသားစုအသင်း (ရန်ကုန်)၏ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက် (စနေနေ့) ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ် ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသား ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသင်းသားများနှင့် မိသားစုဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းနှင့် ဓနုရိုးရာ အစားအစာ ကောက်ညှင်းပေါင်းနှင့် အကြော်ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး ကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူ အသင်းသားများ၏ သားသမီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူသားသမီးများနှင့်ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့တံဆိပ် ချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးစိုးညွှန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) အတွင်းရေးမှူး ဖုန်း-၃၉၈၂၀၀၊ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၃၀-၃၂၆၀၈၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း -၅၄၇၄၅၅၊ ဦးကြိုင်မြင့် (ပြန်ကြားရေးမှူး) ဖုန်း-၂၉၅၉၈၈နှင့် ဒေါ်ဥ (အမှုဆောင်) ဖုန်း-၀၉-၈၀၃၃၉၁၅ တို့ထံသို့ ဆက်သွယ် စာရင်းပေးနိုင်ပြီး အသင်းသူ အသင်းသားများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ဇန်နဝါရီ ၂၂ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဒီ အမ် ဂျေရဲအာတနဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဦးသိန်းစိန်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာစဉ်။ (သတင်းစဉ်)

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

❖ *ရွှေ့ဖုံးမှ*

အစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နေရာယူပြီး ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦး ရှိသည့်အနက် ၃၂၅ ဦးစလုံး တက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပထမနေ့၌ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်း နှစ်ဦး၏ အမည်စာရင်းကို ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်း နှစ်ဦးအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာ၌ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ဆန္ဒမဲပေး

ယင်းနောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ပုံစံ (၃) ဖြင့် လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့ကလည်း ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် တာဝန်ရှိလွှတ်တော်ရုံးဝန်ထမ်းက ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ထို့နောက် ဒုတိယသမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက် ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်သည်။ ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲရရှိမှု အခြေအနေမှာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန် ၂၇၆ မဲ၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ၃၈ မဲနှင့် ပယ်မဲ ၁၁ မဲဖြစ်သည်။

ရွေးချယ်တင်မြှောက်

ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဦးသိန်းစိန်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဖိတ်ကြား

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့၏ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး စုံညီစွာတက်ရောက်ကြရန် ပြည်ထောင်စုလွှတ်တော် နာယကက ဖိတ်ကြားကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပူတာအိုဌ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးဆွေးနွေး

ပူတာအို ဖေဖော်ဝါရီ ၃

ပူတာအိုမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးစီမံကိန်း တတိယအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိန်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းသူမောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

လယ်ယာသန်းခေါင်စာရင်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ စုတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နေရာယူပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးရှိသည့်အနက် ၁၆၈ ဦးစလုံး တက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ကြေညာ

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့၌ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်း နှစ်ဦး၏ အမည်စာရင်းကိုကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်း နှစ်ဦးအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာ၌ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ဆန္ဒမဲပေး

ယင်းနောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူနှစ်ဦး အနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၃)ဖြင့် လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့ကလည်း ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် တာဝန်ရှိ လွှတ်တော်ရုံးဝန်ထမ်းက ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

မှတ်တမ်းတင်

ထို့နောက် ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက် ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်သည်။ ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲ ရရှိမှုအခြေအနေမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်းက ၁၄၀မဲ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ၂၇ မဲနှင့် ပယ်မဲတစ်မဲဖြစ်သည်။

ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

တင်ပြမည်

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်က ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး စုံညီစွာတက်ရောက်ကြရန် ပြည်ထောင်စုလွှတ်တော် နာယကက ဖိတ်ကြားကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး ပြီးဆုံးကြောင်းကြေညာပြီး အစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကြေညာ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာစဉ်။
(သတင်းစဉ်)

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဒုတိယသမ္မတလောင်း အဖြစ် အမည်စာရင်း တင်သွင်းခံရသူနှစ်ဦးအနက်မှတစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန်လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။
(သတင်းစဉ်)

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၃-၂-၂၀၁၁

ဟားခါးမြို့	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄	ဒီဂရီစင်တီဂရိတ်

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့/တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းခြောက်ထပ်ကြီးဘုရားဝင်းအတွင်းရှိ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် (၇၅)နှစ်ပြည့် ဘိုးဘွားများ အသင်းဝင်အမည်စာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ဂုဏ်ထူးရအသင်းဝင်သားသမီးများစာရင်းကို အထောက်အထားအပြည့်အစုံနှင့် ဦးစောဝေ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဗိုလ်မှူးစိုးအောင် (ငြိမ်း) (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၀၈၂၁၊ ဦးခင်မောင်တင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၇၉၂၀၈၊ ဦးဝင်းမြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆၊ ဦးမြင့်သောင်း (အတွင်းရေးမှူး) ဖုန်း-၀၁-၂၁၆၈၆၂၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈နှင့် အသင်းဓမ္မာရုံ ဖုန်း-၀၁-၄၀၁၀၁၄တို့ထံ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ **လက်ကပ်၊ကျောရိုး၊ ခါးကြောညပ်**
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ **ချစ်သောမြေ၊ချစ်သောရေ**
၈:၃၀ ၁၀။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၃၀ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၆။ **ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ**
၅:၂၀ ၇။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၈။ **ရိုးသားဖြူစင်ကလေးတို့အသွင်**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၈)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **လျှပ်တစ်ပြက်ဟာသများ**
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၅)
၁၈။ သီချင်းချစ်သူ (ဇော်ပိုင်)

ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ် ကွတ်ခိုင်မြို့နယ်၌ဖွင့်

ကွတ်ခိုင် ဖေဖော်ဝါရီ ၃

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မန်လွယ်ကျေးရွာတွင် ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဟိန်း၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလျှိအန်းရှိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပညာတံခွန်စာကြည့်တိုက်သို့ မူဆယ်မြို့ စိုစိုပြေပြေ ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းအိုက်အေး မိသားစုက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၀၀၊ မူဆယ်မြို့ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင် ဦးတင်စိန်မိသားစုက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၀၀၊ မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်မိသားစုက ငွေကျပ်ခြောက်သောင်းငါးထောင်တန်ဖိုးရှိ သံစာအုပ်စင်တစ်ခု၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာအုပ်စာစောင် ၁၅၀၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းငွေ၊ ခရိုင်နှစ်ရှည် မန်နေဂျာ ဦးသောင်းညွှန့်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇင်မောင်၊ မူဆယ်မြို့ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမင်းနွယ်တို့က ဂျာနယ်မျိုးစုံ အစောင် ၅၀စီနှင့် ကွတ်ခိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ကွတ်ခိုင်မြို့နယ် ဌာနဆိုင်ရာများမှ လှူဒါန်းသည့် စာအုပ်စာစောင် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ပူးပေါင်းဆောက်လုပ်

စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အကျယ် ၁၄ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဥပဒေရေးရာ အလုပ်ရုံဆွေးနွေး

မကွေးတိုင်းဒေသကြီး ဥပဒေရုံးမှကြီးမှူးကျင်းပသော ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်ဖြူတင့် အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေများပေးအပ်

ထားဝယ် ဖေဖော်ဝါရီ ၃

ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒားကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် အလှူငွေများ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ဟိန္ဒားကျေးရွာရုံးခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ၊ အလှူရှင်များက လှူဒါန်းငွေများကို တာဝန်ရှိသူများထံပေးအပ်ပြီး နိုင်ငံတော်မှပံ့ပိုးငွေများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းခလိုက်ရှုက ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌဦးစောစိုးလှိုင်မိုးက လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သားရေဂျာကင်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဦးအိုက်စံ (မြန်မာပြည်မှာ ဆန်းရှိုင်း) ၏သား မောင်နိုင်ဖြိုးစံ ဦးစီး၍ သခင်ချစ်အမှတ်တံဆိပ် သားရေစစ်စစ် ဂျာကင်များကို မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ဂျာကင်နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်သူများအတွက် အထူးဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ **(အောက်ပုံ)**

ရောင်းချလျက်ရှိ

မြန်မာပြည်မှာဆန်းရှိုင်း သားရေစစ်စစ်အရောင်းဆိုင်များတွင် သခင်ချစ်အမှတ်တံဆိပ် သားရေဂျာကင်များသာမက ဆန်းရှိုင်းအမှတ်တံဆိပ်ဖြင့် ချုပ်လုပ်ထားသော ကုတ်အင်္ကျီ၊ ဝေ့စ်ကုတ်၊ ခရီးဆောင်အိတ်၊ ကျောပိုးအိတ်၊ ရုံးသုံးလက်ဆွဲအိတ်အမျိုးမျိုး၊ ဘေးလွယ်အိတ်ဆိုဒ်စုံ၊ စလင်းဘက်အမျိုးမျိုး၊ ခါးပတ်အိတ်၊ ဦးထုပ်၊ အမျိုးသား အမျိုးသမီးသုံး လက်ကိုင်အိတ်အမျိုးမျိုး၊ ငွေသားထည့် ခါးအိတ်ဆိုဒ်စုံ၊ သားရေညှပ်ဖိနပ်၊ သားရေကွင်းထိုးဖိနပ်၊ ကွန်ပျူတာလက်ပ်တော့ထည့်အိတ်၊ MP-4 ထည့်အိတ်တို့အပြင် ဆိုင်ကယ်စီးနင်းသူများအတွက် ရင်ကာနှင့်လက်အိတ် စသည်တို့ကိုလည်း ပုံမှန်အတိုင်း ရောင်းချလျက်ရှိသည်။ သိုးသားရေ၊ ဆိတ်သားရေနှင့် မြွေသားရေစသည့် သားရေစစ်စစ်တို့ဖြင့် ချုပ်လုပ်ထားသည်။

ဆက်သွယ်ဝယ်ယူနိုင်

ပစ္စည်းများ ဝယ်ယူရရှိနိုင်သော အရောင်းဆိုင်များမှာ (၁) အမှတ် ၄၄၃ ကုန်သည်လမ်း ၄၃ လမ်းထိပ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၄၅၃၊ (၂) အမှတ် ၁၄/A ၁၈×၁၉လမ်းကြား ၈၃လမ်း မန္တလေးမြို့ ဖုန်း-၀၂-၇၂၈၀၆၊ (၃) လမ်း ၈၀ ၉လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၂၂၆၄၀၊ (၄) အမှတ် ၁၃၉ မြောက်ဘက် တိုက်တန်း(မြေညီ) ဈေးချို မန္တလေးမြို့ ဖုန်း-၀၂-၇၂၁၈၄၊ (၅) အမှတ် ၁၇၃/A ၈၁ လမ်း ၁၉လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၇၁၀၀၆၊ (၆) အမှတ် ၅၆ ၂၆လမ်း ၈၈လမ်းထောင့် မန္တလေးမြို့ ဖုန်း-၀၂-၃၅၆၅၃၊ (၇) ၂၃×၂၄လမ်းကြားနှင့် ၈၈×၈၉ လမ်းကြား အခန်း ၁၀ ၄၀၊ဆောင် အဆင့်မြင့်သီရိမာလာ တိုက်တန်း မန္တလေးမြို့နှင့် (၈) မြို့မရုပ်ရှင်ရုံရှေ့ ပြင်ဦးလွင်မြို့ ဖုန်း-၀၈၅-၂၂၉၂၇ နှင့် ၀၉-၅၁၁၄၈၃၃ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲနိုင်မည့် နှစ်ထပ်ဘတ်စ်ကားကြီးများ တင်သွင်းမည်၊ ကမ္ဘာ့တတိယအကြီးဆုံး ကုန်တင်သင်္ဘောလိုင်း မြန်မာနိုင်ငံသို့ စတင်ပြေးဆွဲ၊ FTTX စနစ် ထပ်တိုးဖုန်းလိုင်း ဝန်ဆောင်ခလျှော့ချမည်၊ ငွေဆောင်ကမ်းခြေမှ တစ်နာရီခန့်သွားရသော ထူးဆန်းသည့် ငှက်ကျွန်းသို့ နိုင်ငံခြားသားခရီးသည် သွားရောက်မှုများပြား၊ အိန္ဒိယက မြန်မာနှင့် အင်ဒိုနီးရှားအားဆိုက်ရောက်ဗီဇာ ထုတ်ပေး၊ အင်ဂျင်မပါသည့် လျှပ်စစ်ခရီးသည်တင်ယာဉ်များ တင်သွင်းမည်၊ ရန်ကုန်တွင် အုပ်စုဖွဲ့ကျူးလွန်သည့် တောင်းအော့စ်ကားများကိုသာခိုးသည့် ကားခိုးဂိုဏ်းကို ဖမ်းဆီးရမိ၊ ILBC မှ တီထွင်ထားသည့် လျှပ်စစ်ကားများကို အများပြည်သူအသုံးပြုနိုင်ရန် အဆင့်မြင့်ထုတ်လုပ်မည်၊ ယခုဆောင်းကာလအတွင်း နောက်ထပ်အအေးလှိုင်းနှစ်ကြိမ်ဖြတ်သန်းနိုင်၊ နှစ်ရှည်ဘဏ်ချေးငွေစနစ်ဖြင့် တိုက်ခန်းများဝယ်ယူနိုင်၊ အမေရိကန်ပြည်ထောင်စု၏ သုံးပုံနှစ်ပုံကို ဖုံးလွှမ်းသွားနိုင်သည့် ကမ္ဘာ့အကြီးဆုံးမီးတောင်ကြီး နှစ်ပေါင်းခြောက်သိန်းအတွင်း ပထမဆုံးအကြိမ်ပေါက်ကွဲရန် တာစူနေ၊ မော်စကိုလေဆိပ် ဗုံးပေါက်ကွဲမှုနောက်ဆက်တွဲ…၊ နေရောင်ခြည်ဖြင့် ပထမဆုံးရွက်လွှင့်သည့် ကမ္ဘာ့ပတ် အာကာသယာဉ်လွှတ်တင်၊ စတန့်မင်းသားတစ်ဦး ရုပ်သံအစီအစဉ်ရိုက်ကူးစဉ် မျက်လုံးထဲသစ်သားလုံ့စဝင်ကာ သေဆုံး၊ ရောင်စုံမော်တော်ကားများကို ချိတ်ဆွဲကာ အနုပညာအဖြစ်ပြသ၊ အီဂျစ်နိုင်ငံရေးပြဿနာ၏ နောက်ဆုံးအခြေအနေများ….စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကျိုင်းလပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော ဇလပ်ဝါလမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ကသာ-အင်းတော်သွား လမ်းဘေး မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဦးမြင့်သန်းနှင့်အဖွဲ့ ဆောင်ရွက်နေမှုအား ဇန်နဝါရီ ၂၁ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထန်းညှပ်-လီဆုပါ ကျေးလက်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့ ဇန်နဝါရီ ၃ ရက်က စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင်နှင့် မြို့နယ်တာဝန်ခံ ဦးစောသီဟတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေအေး-ဝန်စိုလမ်းအား မြေထိုးစက်ဖြင့် မြေသားလမ်း ဖောက်လုပ်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွှန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရစ်ကံကြီးကျေးရွာအဝင်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ချောက် ဖေဖော်ဝါရီ ၃

ချောက်မြို့နယ် အမှတ်(၁၃)နယ်မြေ အာရှရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီက ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်

ဆက်လက်၍ ကျောင်းခန်းမ၌ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးစစ်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးထံ ပေးအပ်ခဲ့သည်။ ထို့နောက် အထိမ်းအမှတ်အလံများကို ရပ်မိရပ်ဖ ဦးသန်းဝင်းကပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ အမှတ်(၁၃) နယ်မြေဥက္ကဋ္ဌတို့က လက်ခံယူကြသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျား ၄၅ပေ၊ အနံ ၁၅ပေ၊ အမြင့် ၉ပေရှိ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး ရပ်ကွက်ပြည်သူများထည့်ဝင်ငွေ ကျပ် ၃၅သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဒီဇင်ဘာ ၂၇ ရက်က ပုလုံးတုံးတုံး တံတားချဉ်းကပ်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

သဃ်န်းကျွန်း ပညာရေး ကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ၂၀၀၉-၂၀၁၀ခုနှစ်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝါဝါစန်းက စတုတ္ထတန်းမှ ဘက်စုံပထမထူးချွန်ဆုရ မကျော့ကေခိုင်အား ဆုချီးမြှင့်စဉ်။

(၁၂၁)

LIFE STYLES Expo -2011 ပြပွဲတွင် မြန်မာ့လက်မှုအနုပညာပြခန်း ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော LIFE STYLES Expo - 2011 ပြပွဲတွင် ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။**(ယာပုံ)**

ပြသ

အဆိုပါပြခန်း၌ ဟိုတယ်၊မိုတယ်၊ ဘဏ်၊ အဆောက်အအုံများ၊သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက်အဆင့်မြင့်သစ်ထွင်းခန်းဆီးလိုက်ကာနှင့် လှမျိုးစုံ ပန်းပု၊ ပန်းချီကားများ၊ ပန်းချီ၊ ပန်းပုပညာရှင်ကြီးများ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ပြသထားသည်။ ထို့အပြင် သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှစသည်ဖြင့် အနုပညာ ပုံသဏ္ဍာန်မျိုးစုံ ပါဝင်သည်။ သစ်ထွင်း ပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့် သစ်သားခန်းဆီးတို့ကိုလည်း အနုပညာလက်ရာပြောင်မြောက်စွာဖြင့် ပြသထားသည်။

ရောင်းချပေး

ထို့အပြင် ကျွန်းပရိဘောဂများဖြစ်သည့် ဘုရားကျောင်းဆောင်၊ ခုတင်၊ ဗီရို၊ မှန်တင်ခုံ၊ ထိုင်ခုံမျိုးစုံ၊ ကျွန်းဆက်တီ၊ တီဗွီတင်စင်၊ ရှိုးကေ့စ်မျိုးစုံ၊ သလွန်ထိုင်ခုံ၊ ကလေးထိုင်ခုံ၊ ဒူးကျန်းမာရေးအတွက် ခြေထောက်လွဲထိုင်ခုံမျိုးစုံ၊ ထမင်းစားပွဲထိုင်ခုံနှင့် ကျွန်းပရိဘောဂမျိုးစုံတို့ကို ဒီဇိုင်းစုံလင်စွာဖြင့်ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

မှာယူနိုင်

ပြပွဲကာလအတွင်း ဝယ်ယူသူများအား Discount ပေး၍ အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း ၅၃ လမ်းနှင့် ၅၄ လမ်းကြား အမှတ်(၁၆၆) ဖုန်း-၀၁-၂၉၂၁၉၂၊ ၀၁ ၇၀၃၈၀၃နှင့် ၀၁-၃၉၉၈၈၄ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာသင်ထောက်ပံ့ပွဲနှင့်နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း သိမ်တော်ကြီးမွှာရုံ၌ ကျင်းပရာ သက်ကြီး ၅၆ ဦးအား ပူဇော်ကန်တော့ခြင်း၊ ဘာသာစုံဂုဏ်ထူးရ မောင်ဖြိုးပြည့်စုံ အပါအဝင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၁၄ ဦးအား ဆုချီးမြှင့်ခြင်း **(အပေါ်ပုံ)**၊ ပညာသင်ထောက်ပံ့ဆုရသူ ငါးဦးအား ချီးမြှင့်ထောက်ပံ့ခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားအတည်ပြုခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းများ ပြုလုပ်ကြသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် အမှုဆောင်ဟောင်းများ နုတ်ထွက်၍ ဥက္ကဋ္ဌ ဦးတင်နု၊ အတွင်းရေးမှူး ဒေါ်အုန်းမြင့်တို့ ပါဝင်သော အမှုဆောင်သစ် ၂၂ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စာမေးပွဲအတွက် ပြင်ဆင်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

စင်ကာပူအစိုးရ မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ဝင်ခွင့်လျှောက်ထားလိုသော မိဘများအတွက် AEIS (Admission Exercise for International Students), QT (Qualifying Test) ဝင်ခွင့်စာမေးပွဲများအတွက် ပြင်ဆင်ခြင်းနှင့် မိမိတို့ကလေး၏ အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည် အသက်အလိုက် ပြင်ဆင်ဖြေဆိုသင့်သော အတန်းများအကြောင်းကို Singapore Education Road Show 2011 ကျင်းပမည့် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀ နာရီမှညနေ ၄ နာရီအထိ စင်ကာပူမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားမည်ဖြစ်သည်။

AEIS ကို နှစ်စဉ် စက်တင်ဘာနှင့် အောက်တိုဘာများတွင် ကျင်းပလေ့ရှိပြီး စာမေးပွဲအောင်မြင်ပါက ဇန်နဝါရီလတွင် အစိုးရကျောင်းများသို့ တက်ရောက်ရမည်ဖြစ်သည်။ AEIS Test တွင် English နှင့် Mathematics ကိုဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သော ကျောင်းသားများအား သင့်လျော်သောကျောင်းကို တစ်ခါတည်းရွေးချယ်နေရာချထားပေးသော စနစ်ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် အသက်ကန့်သတ်ချက် စည်းကမ်းများအကြောင်း၊ ကျောင်းရွေးချယ်လျှောက်ထားနိုင်သော Qualifying Test အကြောင်းကို အဆိုပါနေ့တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

Ascensia Academy သည် စင်ကာပူအစိုးရက ချီးမြှင့်ထားသော Best Enrichment Programme ဆုကို ရရှိထားပြီး နိုင်ငံတကာ ကျောင်းသားများအတွက် အစိုးရကျောင်းဝင်ခွင့် ပြင်ဆင်ပေးသော ပရိုဂရမ်များကို သင်ကြားပေးသည့် စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ကျောင်းဖြစ်ကာ စင်ကာပူအစိုးရ ကျောင်းဝင်ခွင့် (Primary 1 မှ Primary 5) အထိ၊ (Secondary 1 မှ Secondary 3) တန်းများအထိ ဝင်ခွင့်ပြင်ဆင်ပေးပြီး စင်ကာပူ ပညာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော သင်တန်းများဖြစ်သည်ဟု သိရသည်။

အသေးစိတ်သိရှိလိုပါက CROWN Education ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈-၂၂၉၊ ၀၉-၅၀၈၅၁၈၅နှင့် ၀၁-၇၃၀၄၀၆၈၈ တို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စားသုံးရန်မသင့်သော အစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိစေရန် အသိပေးကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများမှ ဝယ်ယူစာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အရောင်ရှိကိတ်မုန့်နှင့် မုန့်များတွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်တွင်သုံးခွင့်မပြုသည့် ဆိုးဆေးများပါဝင်သဖြင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်သူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများကို ထည့်သွင်းသုံးစွဲခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက် အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်
၁။	ကိတ်မုန့်	ရတီ ထုတ်လုပ်သည့် လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၂။	ကိတ်မုန့်	ဇမ္ဗူကျော် ထုတ်လုပ်သည့် လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၃။	ဓားလှီးမုန့် (လေးထောင့်တုံး)	ဆန်းလာဘ် ထုတ်လုပ်သည့် လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၄။	ဓားလှီးကိတ်မုန့်	ဆန်းလာဘ် ထုတ်လုပ်သည့် လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။

ကျန်းမာရေးဝန်ကြီးဌာန

အလိမ္မာ စာမှာရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း သီရိလင်္ကာနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပရော်ဖက်ဆာ ဂျီအယ်လ် ပီးရီးစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မရမ်းကုန်းမြို့နယ် အလက(၁) ကျောင်းစာကြည့်တိုက်အတွက် အထောက်အကူပြုပစ္စည်း၊ စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က ငွေကျပ် ငါးသောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမြင့် လက်ခံရယူစဉ်။ (၁၂၈)

မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးသန်းဆွေ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မက္ကဆီကိုမြို့တော်၌ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဖိလစ်ပီကာလ်ဒီရွန် ဒီ ဂျီးစပ် ဟီနိုဟိုစာ ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၁၀နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးရွာဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာကမ်းခြေအနီးတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၄ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မဂ္ဂင်ရှစ်တန်လမ်းကြောင်းမှန်မှ နိဗ္ဗာန်ရ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၆:၃၅ ဖူးမည်အမှန်…ထူးမည်ဧကန်…မာရ်ငါးမာရ်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၁)
၈:၄၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part - 5)
၉:၁၅ Activities in the City [အထက(၁)သန်လျင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
၉:၃၅ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၂)
၁၀:၁၀ ဦးညွှတ်အခါခါ…မြတ်ဆရာ [အထက(၂)သဃ်န်းကျွန်း]
၁၀:၃၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၁)
၁၁:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Peace Myanmar Electric Co.,Ltd.၏ ISO 9001-2008 လက်မှတ်ချီးမြှင့်ပွဲအခမ်းအနား)
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ Activities in the City သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Miss Perfect Fect Contest 2010)
၁၂:၄၅ စက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၁:၀၀ **မဂ္ဂင်ရှစ်တန်လမ်းကြောင်းမှန်မှ နိဗ္ဗာန်ရ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၁:၅၀ ရင်သပ်ရှုမောဖွယ်ရာ… အံ့သြသင့်ဖွယ်ရာ…. စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၁)
၄:၅၀ Activities in the City (တိုက်ကြီးမြို့ အထက ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၅:၀၅ MNL Preview
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေမှာ KOICA ၏ စေတနာ
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅)
၇:၂၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part- 6)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (စောသက်ရဲ့ စိတ်နဲ့အနီးဆုံး)
၈:၅၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၂)
၁၀:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ၁၉၇၃-၇၇ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ)
၁၀:၃၀ VJ Choice
၁၁:၀၀ ယွန်းဆိုသည်မှာ… (အပိုင်း-၂)
၁၁:၁၅ World of Knowledge (Triumph of Live Brain Power)
၁၂:၀၀ တစ်ခါစားကြည့် အရသာသိ စွဲငြိစေမည် မဟာဌာနီ
၁၂:၁၀ သတ္တုတူးသောရွာကလေး
၁၂:၂၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [စာရေးဆရာမ မိုးမိုး(အင်းလျား)]
၁၂:၅၀ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ၄က်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂:၅၅ လပွတ္တာနှင့် သုံးမိုင်အကွာ
၁:၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရောင်စုံစက္ကူပန်းအိုးပြုလုပ်နည်း)
၁:၂၅ အသည်းကင်ဆာရောဂါအကြောင်း သိကောင်းစရာ
၁:၅၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
၂:၀၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
၂:၃၅ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံတန်သောကလေးများ)
၂:၅၅ ၄က်ပြတိုက် (လှော်ကားဥယျာဉ်)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ မင်းကွန်းရိုးရာ လက်မှုအနုပညာ
၄:၂၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၄:၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

LIFESTYLES EXPO-2011 ပြပွဲတွင် ခင်ပြုံးမွန် အင်ဒိုနီးရှားပါတိတ်ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၃

Mon Shine International Trading Co., Ltd.(ခင်ပြုံးမွန် အင်ဒိုနီးရှားပါတိတ်)ပြခန်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသသော LIFESTYLES EXPO-2011 ပြပွဲတွင် ပါဝင်ပြသသည်။(အောက်ပုံ) ခင်ပြုံးမွန်ပါတိတ်

သည် အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းကာ တစ်နိုင်ငံလုံးတွင် ဖြန့်ချိရောင်းချနေသော ပါတိတ်ဒီဇိုင်း၊ အမျိုးအစားအရောင်အသွေးစုံလင်ကာ ဆေးခိုင်အာမခံဖြစ်ကြောင်း၊ သင့်တင့်မျှတသောဈေးနှုန်းနှင့် အသက်အရွယ်မရွေး ဝတ်ဆင်နိုင်ခြင်းတို့အပြင် ဖေဖော်ဝါရီ ၃ရက်မှ ၆ရက် ပြပွဲကာလအတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထူးဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်သည်။ ခင်ပြုံးမွန် (အင်ဒိုနီးရှားပါတိတ်)ကို ၁၀နှစ်တာကာလအတွင်း အားပေးခဲ့သူများအတွက် ခင်ပြုံးမွန် Member Card များဖြင့် ပြန်လည်ကျေးဇူးတုံ့ပြန်ရန် စီစဉ်နေသည်။

ဖြန့်ချိရောင်းချ

ခင်ပြုံးမွန်(အင်ဒိုနီးရှား)ပါတိတ်မျိုးစုံကို ဖုန်း-၂၈၂၄၈၆၊ ၂၀၂၉၇၈ အခန်း(၄) တိုက်(၁၂) နှင်းဆီလမ်း ယုဇနပလာဇာအနီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ အေ(၃၅)၊ ဘီ(၃၅) ယုဇနပလာဇာ ဝင်ပေါက်အမှတ်(၁၅)ရှေ့ (ဓာတ်လှေကားအနီး) နှင့် မန္တလေးမြို့ ပုလဲငွေရောင် (၈၂)လမ်းနှင့် (၈၃)လမ်းကြား လမ်း(၂၀) အမှတ်(၈၆)နှင့် မန္တလေးဈေးချိုတော် ဆိုင်ခန်းအမှတ်(၁၈) စီရုံ ပထမထပ် တို့မှ ဖြန့်ချိ ရောင်းချနေကြောင်း သိရသည်။ (သတင်းစဉ်)

လှေလာဝယ်ယူ

ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် LIFESTYLES EXPO - 2011 **ပြပွဲ ဖွင့်ပွဲသို့ လာရောက်ကြည့်ရှု လှေ့လာဝယ်ယူသူများကို တွေ့ရစဉ်။** (သတင်းစဉ်)

LIFESTYLES EXPO -2011 ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

Milky Way International Co., Ltd.သည် LIFESTYLES EXPO -2011ပြပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို Milky Way International Co., Ltd. Managing Director ဒေါ်နန်းဆုရတီစိုး၊ Shine Group of Companies မှ Managing Director ဦးမျိုးကိုကိုနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် Shine Group of Companies မှ Main Sponsor, Kaung Myat Zaw Company Ltd. က Diamond Sponsor နှင့် Co. sponsor များအဖြစ် Asia Metal Co., Ltd., Everseiko Co., Ltd. တို့က ပံ့ပိုးကူညီကြပြီး Shine Group Company Co., Ltd. က အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co.,Ltd.မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်ဆောက်ပစ္စည်းများနှင့် Steel Door များ၊ Asia Metal Group of Companies မှ အိမ်ဆောက်ပစ္စည်းများ၊ အလူမီနီယမ်နှင့်ရိုးသုံးပရိဘောဂများ၊ Everseiko Co., Ltd.မှ Kanebo , Kracie , PUPA အမှတ်တံဆိပ် Cosmetic များ၊ Police အမှတ်တံဆိပ် နေကာမျက်မှန်များ၊ Stieble Eltron ရေပူ ရေအေးစက်များ၊ Crown Electronic, PEACE MYANMAR ELECTRIC Co., Ltd., Infinity Investment Co., Ltd., Canon, JBS Electronic , Future Step Co., Ltd., Yee Shin မှ Haier Aircon, Concordia, One M (Myanmar) Co., Ltd., Cash 'n' Carry , Do Do Ko Ko , Zulex Audio, Royal Tun , Myat Kan Moe အီလက်ထရွန်နစ်နှင့် ဆက်စပ်ပစ္စည်းများ၊ Cyber City, Suzuki, KMD နှင့် Technoland ကွန်ပျူတာပစ္စည်းအမျိုးမျိုး၊ Hisense, Do Co Mo, Spice Wellcom Mobile, Samsung Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းလ်နှင့် Wi Fi ဖုန်းအမျိုးမျိုး၊ Maruart မှ New Wood Creator နှင့် Home Distribution Group ကြမ်းခင်းများ၊ ရွှေပင်ငွေပင် ဦးသန်းထွန်း၊ Universal Furniture, Gold Coil, စိန်နှင့်မြ၊ Golden Rose Industry၊ Leeca ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Now How, Sheene, Pierre Cardin, FEM, Li Li, Htun Thit Oo, EMP Co., Ltd. Tiens နှင့် HANA အမှတ်တံဆိပ် အလှကုန်ပစ္စည်းများ၊ SOLO Collection, Bolly Wood, Latest shirt, Green Light နှင့် Unitex Fashion တို့မှ ဖက်ရှင်အင်္ကျီအမျိုးမျိုး၊ Sm³၊ MNZ, Carabbian, Sp distribution Group, Toshiba Kyaw Win, Cherry Oo မှ နာရီအမျိုးမျိုး၊ သီဟရတနာစာပေ၊ Amtt, Auto Electrical, Good & More Co., Ltd., United Pharma Co., Ltd.၊ Mya Na Di Trading နှင့် TSUNG တို့မှ ဖိနပ်များ၊ Total Leaning Academy, IQ Lamp, Maung Aye & Sons Co., Ltd. (မျက်မှန်) တို့ဖြင့် ပြခန်းပေါင်း ၁၅၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၆၀ ကျော်တို့က အထူးဈေးနှုန်းများဖြင့် ခင်းကျင်း ပြသရောင်းချလျက်ရှိသည်။

ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြ



ခြောက်ဆယ့်လေးနှစ် တိုင်ခဲ့ပြီ

❒ မိုးထက်အောင်လံ၊ လွင့်ကာပျံ၍
နိုင်ငံပြည်လုံး၊ ဒို့စည်းရုံးလျက်
ပြုံးပန်းဝင့်ထည်၊ လက်တွဲညီခဲ့
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
နီးကြားလျက်သာ၊ စည်းလုံးကာဖြင့်
ညီညာအများ၊ စုပေါင်းအားနှင့်
လေးစားချစ်ကြည်၊ အားမာန်ချီ၍
ရွှေပြည်သာယာ၊ နှောင်ကြိုးကွာစေ
ပေါ်လာသည့်ခေတ်၊ သမိုင်းသစ်၌
တွင်ရစ်မော်ကွန်း၊ ဖြစ်တည်ထွန်းအောင်
ရည်ညွှန်းစိတ်ထား၊ တူကြိုးစား၍
ဝင့်ကြွားဟန်ချီ၊ အောင်တေးသီကာ
မြန်ပြည်လွတ်မြောက်၊ ထိပ်တန်းရောက်အောင်
မဖောက်သစ္စာ၊ တည်ခဲ့ပါသည်
မြန်မာတို့၏ မော်ကွန်းတည်း။

❒ မြန်မာ့မော်ကွန်း၊ ခေတ်ပေါ်ထွန်းချိန်
နေဝန်းရောင်ခြည်၊ ထွက်ပေါ်ပြီမို့
ညီညွတ်မှုပေါ်၊ ကောင်ထည်ဖော်ရန်
ရည်မျှော်ရွက်ဆောင်၊ တိုင်းမြန်ဘောင်ဝယ်
ပြည်ထောင်စုနေ့၊ ရက်မြတ်နေ့ကို
ယနေ့ထက်တိုင်၊ မမေ့နိုင်ဘဲ
တုပြိုင်ရှန်းလှဲ့၊ ကျင်းပခဲ့သည်
ခြောက်ဆယ့်လေးနှစ်၊ တိုင်ခဲ့ပြီ။
ပြည်ထောင်စုကြီး၊ ခိုင်မြဲတည်။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

နှင်းမောင်(ဇီးကုန်း)

ဒုတိယပင်လုံ၏ အနှစ်သာရမဲ့မှု

မောင်စူးစမ်း

လုံလောက်

ဆောင်ပုဒ်တစ်ခု၏ အနက်အဓိပ္ပာယ်သည် အင်စတီကျူးရှင်း၏ လုံလောက်မှု သို့မဟုတ် မလုံလောက်မှုတို့အပေါ်တွင် မူတည်သည်။ ပထမပင်လုံညီလာခံသည် လွတ်လပ်ရေးအတွက် အင်စတီကျူးရှင်းများ မပြည့်စုံသေးသဖြင့် အင်စတီကျူးရှင်း ရှာပုံတော်ဖွင့်သော လုပ်ငန်းစဉ်အဖြစ် နားလည်အပ်သည်။ **ယခု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့ပေါ်လာပြီဖြစ်ရာ လိုအပ်သောအင်စတီကျူးရှင်းတို့သည် လုံလောက်ပြည့်စုံသည်ဟု ယူဆရမည်။ အင်စတီကျူးရှင်းများ လုံလောက်စွာရှိနေလျှင် အချို့ဖြစ်လာသဖြင့် စင်ပြိုင်ဖိုရမ်များထူထောင်ရန် မလိုအပ်ပြီ။ လက်ရှိအခြေအနေသည် တည်ဆဲဖြစ်ထွန်းနေသော အင်စတီကျူးရှင်းတို့နှင့် လိုက်လျောညီထွေအလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်သည်။ ဖိုရမ်များ လုံလုံလောက်လောက်ရှိနေပါလျက် ဒုတိယပင်လုံဆိုပြီး စင်ပြိုင်ကြွေးကြော်သည်မှာ ကြွေးကြော်သူတို့၏ အတွေးအခေါ် မွဲတေမှုကိုသာ ထင်ဟပ်ပါလိမ့်မည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အသံပေါင်းစုံတို့ကို ထုတ်ဖော် သို့မဟုတ် နားထောင်သော အခြေခံမဏ္ဍိုင်များဖြစ်နေသဖြင့် ဤမဏ္ဍိုင်တို့ကို အသုံးပြုရန်သာရှိသည်။ ထို့အပြင် ချုတ်ခြုံကျ**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အရာရာအတွက် လုံလောက်နေသော ဖိုရမ်များဖြစ်လေရာ ဤဖိုရမ်တို့တွင် ပါဝင်ပြောဆိုနိုင်သည့် ဒီမိုကရေစီထူထောင်ရေးပြဿနာနှင့် တိုင်းရင်းသားလူမျိုးစုပြဿနာတို့သည် နိုင်ငံတော်၏စွမ်းပကားနှင့် တည်ရှိဆဲ အင်စတီကျူးရှင်းတို့၏ စွမ်းပကားတို့ပေါ်တွင် အခြေတည်နေသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် လုံလောက်သော ဖိုရမ်များဖြစ်လာသဖြင့် စင်ပြိုင်ဖိုရမ်များထူထောင်ရန် မလိုအပ်ပြီ။ လက်ရှိအခြေအနေသည် တည်ဆဲဖြစ်ထွန်းနေသော အင်စတီကျူးရှင်းတို့နှင့် လိုက်လျောညီထွေအလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်သည်။ ဖိုရမ်များ လုံလုံလောက်လောက်ရှိနေပါလျက် ဒုတိယပင်လုံဆိုပြီး စင်ပြိုင်ကြွေးကြော်သည်မှာ ကြွေးကြော်သူတို့၏ အတွေးအခေါ် မွဲတေမှုကိုသာ ထင်ဟပ်ပါလိမ့်မည်။

သော ဆောင်ပုဒ်တို့သည် အလိုအလျောက် ဆီလျော်မှုမဲ့သွားသည်။ အဓိပ္ပာယ်မရှိ ဖြစ်သွားသည်။

ဤအမြင်ဖြင့် ကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် ကုံလုံပြည့်စုံနေပြီဖြစ်သောကြောင့် ဒုတိယပင်လုံဟု ယူဆသော ဆောင်ပုဒ်သည် ဆီလျော်အပ်စပ်မှု မရှိနိုင်ပြီ။ အကြောင်းမူ နိုင်ငံရေးပြဿနာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွင့်ပေးထားသော ဖိုရမ်တို့တွင် လုံလုံလောက်လောက် တင်ပြနိုင်သောကြောင့် ဖြစ်သည်။

လိုက်လျောညီထွေ

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အရာရာအတွက် လုံလောက်နေသော ဖိုရမ်များဖြစ်လေရာ ဤဖိုရမ်တို့တွင် ပါဝင်ပြောဆိုနိုင်သည့် ဒီမိုကရေစီထူထောင်ရေး ပြဿနာနှင့် တိုင်းရင်းသားလူမျိုးစုပြဿနာတို့သည် နိုင်ငံတော်၏ စွမ်းပကားနှင့် တည်ရှိဆဲ အင်စတီကျူးရှင်းတို့၏ စွမ်းပကားတို့ ပေါ်တွင် အခြေတည်နေသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် လုံလောက်သော ဖိုရမ်များ ဒေဝါလီခံနေရသော၊ စင်ပြိုင်ထူထောင်ချင်သော ဆောင်ပုဒ်သည် အဓိပ္ပာယ်ရှိအံ့ဟု မထင်ပေ။ တိုင်းရင်းသားလူမျိုးစု ပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်တို့တွင်သာ ဖော်ထုတ် တင်ပြဖြေရှင်းရန် တာဝန်ရှိသည်ကို မမေ့အပ်ပေ။ ယှဉ်ပြိုင်ဖိုရမ်ထူထောင်၍ လူမျိုးစုပြဿနာတို့ကို ဖြေရှင်းရန်ဆိုသည်မှာလည်း ဘိန်းစားအိပ်မက်ကဲ့သို့ ဖြစ်နေသည်။ ဖြစ်နိုင်ခြေမရှိသော အိုင်ဒီယာဖြစ်သည်။

အရှိကိုအသုံးပြု

တရားဝင်ဖြစ်ပေါ်လာသည့် ဖိုရမ်တို့ကိုသာ အသုံးပြုရုံကလွဲ၍ အခြားနည်းလမ်းမရှိသည်ကို ဆင်ခြင်မိလျှင် ဒုတိယပင်လုံဆိုသော ဆောင်ပုဒ်၏အနှစ်သာရမဲ့မှုကို ထင်ရှားစွာတွေ့နိုင်သည်။ ဖြစ်ထွန်းမှုအသစ်များသည် တက်ကြွလှုပ်ရှားသူတို့ အခြေအနေနှင့်ဆီလျော်သော ဆောင်ပုဒ်များ ရှားပါးကုန်ခြင်းဖြစ်သည်။ ထိုအခါ ဒုတိယပင်လုံဆိုသော လက်တွေ့မဖြစ်နိုင်သည့် အစီအစဉ် (Agenda) ကို လေထဲ စမ်းမှုတ်ထုတ်ကြည့်လာကြသည်။

၂၀၁၁ ခု

(၁) ပြည်ထောင်စု မပြို
အားလုံး စောင့်ထိန်း

(၂) တိုင်းရင်းသားပြည်သ

(၃) နိုင်ငံတော် တည်ငြိ
စည်းလုံးညီညွတ်မှုဖြ

(၄) တိုင်းရင်းသားပြည်သ
ဒီမိုကရေစီနိုင်ငံတော်

(၅) နှစ်ပေါင်းထောင်ချီ၍
စွမ်းပကားဖြင့် ပူးပေ

နိုင်ငံရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ
ဖြစ်ရမည်ဖြစ်၍ ဤနည်းမှအပဖြစ်သော
မဲ့ကုန်သည်။ နိုင်ငံရေးဆောင်ပုဒ်ဟူသည်
လိုက်လျောညီထွေ ဖြစ်ကြရမည်။ ခေတ်
ရသည့်ခေတ် မဟုတ်ပေ။ အရာရာကို ယ
ရှုမြင်သုံးသပ်ရမည့် အချိန်ဖြစ်သည်။ ပါ
မျှဝေခြင်းသို့ ပြောင်းလဲသော ပါရာဒိုင်

ဖွဲ့စည်းပုံအခြေ
သုံးရပ်တို့သည် အ
သို့မဟုတ် နားထော
ဖြစ်နေသဖြင့် ဤမ
ရှိသည်။ ထို့အပြင်
သော၊ စင်ပြိုင်ထူ
သည် အဓိပ္ပာယ်ရှိ
သားလူမျိုးစု ပြဿ
ဥပဒေနှင့်အညီ ပြ
လွှတ်တော်၊ ပြည်
ဒေသကြီးလွှတ်တေ
တင်ပြဖြေရှင်းရန်
အပ်ပေ။ ယှဉ်ပြိုင်
ပြဿနာတို့ကို ဖြေ
ဘိန်းစားအိပ်မက်က
ခြေမရှိသော အိုင်ဒီ

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဉမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

နိုင်ငံရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်နိုင်ငံရေးတို့တွင်သာ အထွတ်အထိပ်ဖြစ်ရမည်ဖြစ်၍ ဤနည်းမှအပဖြစ်သော ဆောင်ပုဒ်တို့သည် အဓိပ္ပာယ်မဲ့ကုန်သည်။ ဖြစ်နိုင်ခြေမဲ့ကုန်သည်။ နိုင်ငံရေးဆောင်ပုဒ်ဟူသည် ဖြစ်နိုင်ခြေကို ထင်ဟပ်ရမည်။ ပကတိအစစ်အမှန်နှင့် လိုက်လျောညီထွေ ဖြစ်ကြရမည်။ ခေတ်သည် ဗလာချည်၊ အမြောက်ဆန်ပစ်သော လေလုံးထွားရသည့်ခေတ် မဟုတ်ပေ။ အရာရာကို ယထာဘူတကျကျ တစ်ဖက်သတ် အစွဲအလမ်းကင်းကင်းနှင့် ရှုမြင်သုံးသပ်ရမည့် အချိန်ဖြစ်သည်။ ပါဝါစကားနှင့်ပြောလျှင် ပါဝါလက်ဝါးကြီးအုပ်မှုမှ ပါဝါမျှဝေခြင်းသို့ ပြောင်းလဲသော ပါရာဒိုင်း အရွေ့အပြောင်းဖြစ်သည်။ ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အသံပေါင်းစုံတို့ကို ထုတ်ဖော်သို့မဟုတ် နားထောင်သော အခြေခံမဏ္ဍိုင်များဖြစ်နေသဖြင့် ဤမဏ္ဍိုင်တို့ကို အသုံးပြုရန်သာရှိသည်။ ထို့အပြင် ချွတ်ခြုံကျ ဒေဝါလီခံနေရသော၊ စင်ပြိုင်ထူထောင်ချင်သော ဆောင်ပုဒ်သည် အဓိပ္ပာယ်ရှိအံ့ဟု မထင်ပေ။ တိုင်းရင်းသားလူမျိုးစု ပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်တို့တွင်သာ ဖော်ထုတ်တင်ပြဖြေရှင်းရန် တာဝန်ရှိသည်ကို မမေ့အပ်ပေ။ ယှဉ်ပြိုင်ဖိုရမ်ထူထောင်၍ လူမျိုးစုပြဿနာတို့ကို ဖြေရှင်းရန်ဆိုသည်မှာလည်း ဘိန်းစားအိပ်မက်ကဲ့သို့ ဖြစ်နေသည်။ ဖြစ်နိုင်ခြေမရှိသော အိုင်ဒီယာဖြစ်သည်။



4-2 (08-09).pmd 2 2/4/2011, 2:35 AM

နိုင်ငံတကာသတင်းများ

ဘရာဇီးလေယာဉ် ၁၀စင်း ယူကရိန်းနိုင်ငံသို့ ရောင်းချရန်သဘောတူ

ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၃

ဘရာဇီးနိုင်ငံ အင်ဘရားယားလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ယူကရိန်းလေကြောင်းကုမ္ပဏီ နီပရိုအဗီးယားသို့ အင်ဘရားယား-၁၉၀ လေယာဉ် ၁၀စင်း ရောင်းချရန် စာချုပ်ချုပ်ပြီးပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကုမ္ပဏီက ကြေညာသည်။

အစီအစဉ်ရှိ

အင်ဘရားယားကုမ္ပဏီ၏ ကြေညာချက်အရ အင်ဘရားယား -၁၉၀ အမျိုးအစား နောက်ထပ်ငါးစင်းပါ ရောင်းချရန် အစီအစဉ်ရှိကြောင်းသိရသည်။

နီပရိုအဗီးယားကုမ္ပဏီက အခြားသော မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်သည့် အေရိုဗစ်နှင့်ပူးပေါင်းကာ အဆိုပါလေယာဉ်များကို ပြေးဆွဲမည်ဖြစ်သည်။ လေယာဉ် ၁၀ စင်းစလုံးကို ယူကရိန်း ကုမ္ပဏီများက ပြည်တွင်းခရီးရော ပြည်ပခရီးစဉ်များအတွက်ပါ အသုံးပြုမည်ဟု သိရသည်။ *(အင်တာနက်)*



ယူကရိန်းလေကြောင်း ကုမ္ပဏီသို့ ရောင်းချမည့် လေယာဉ်များ ဘရာဇီးကုမ္ပဏီမှ တည်ဆောက်နေစဉ်။

စီချွမ်၌ ဆီးနှင်းများကျဆင်း၊ လေဆိပ်များပိတ်ထား

ချန်ဒူ ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံစီချွမ်ပြည်နယ်အနောက်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် စီချွမ်ပြည်နယ်ရှိ ဆောင်လီယူနိုင်ငံတကာလေဆိပ်ကို ပိတ်ထားခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဖျက်သိမ်းခဲ့

ထို့အတူ စီချွမ်ပြည်နယ်၏မြို့တော်ချန်ဒူးရှိ ချန်ဒူးနိုင်ငံတကာလေဆိပ်တွင်လည်း လေယာဉ်အဝင်အထွက် ခရီးစဉ် ၁၀၀ခန့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ခဲ့သည်။ ၎င်းလေယာဉ်ခရီးစဉ်များအနက်မှ လေယာဉ်ခရီးစဉ်လေးခုကို ဖျက်သိမ်းခဲ့ရသည်။

ယခုအခါ ချန်ဒူးလေဆိပ်ကို ဆီးနှင်းများထူထပ်စွာ ဆက်လက်ကျဆင်းနေမှုကြောင့် ပိတ်ထားလိုက်ရပြီဖြစ်ကြောင်း၊ လေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းထားရကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လုံခြုံရေးကောင်စီအလှည့်ကျသဘာပတိ ဘရာဇီးတာဝန်ယူ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၃

ဘရာဇီးနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျသဘာပတိအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်တာဝန်ယူကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်ရှိသဘာပတိ ကုလသမဂ္ဂဆိုင်ရာဘော့စနီးယား ဟာဇီဂိုဗီးနားသံအမတ်ကြီး အိုင်ဗန်ဘာဘာလစ်ထံမှ ကုလသမဂ္ဂဆိုင်ရာ ဘရာဇီးသံအမတ်ကြီး မာရီယာလူဇာရီဘေရိုဗိုင်အိုတီက အလှည့်ကျသဘာပတိအဖြစ် လွှဲပြောင်းလက်ခံခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ဖြစ်နေခဲ့သည်မှာ ယခုအခါ ဒုတိယနှစ်အတွင်း ရောက်ရှိလာပြီဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများမှအပ ကျန် ၁၀ နိုင်ငံမှာ သက်တမ်းနှစ်နှစ်သာရှိကြသည်။ (အင်တာနက်)

အိုမန်တွင် သူလျှိုကွန်ရက်မရှိဟု ယူအေအီးငြင်းဆို

ဒူဘိုင်း ဖေဖော်ဝါရီ ၃

အိုမန်နိုင်ငံအတွင်း အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)၏သူလျှိုကွန်ရက်တစ်ခုကို ဖော်ထုတ်လိုက်ပြီဟူသော အိုမန်အစိုးရမီဒီယာ၏ သတင်းတစ်ရပ်နှင့်စပ်လျဉ်း၍ ယူအေအီးနိုင်ငံက များစွာတုန်လှုပ်အံ့အားသင့်ရကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၁ ရက်က ကြေညာသည်။

ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနက သူလျှိုကွန်ရက်နှင့်ပတ်သက်၍ သိလည်းမသိ၊ အဆက်အသွယ်လည်း မရှိကြောင်း ငြင်းဆိုလိုက်သည်။

ယူအေအီးနိုင်ငံက အိုမန်နိုင်ငံနှင့် ဆက်ဆံရာတွင်ထားရှိသော စံနှုန်းများ၊ တန်ဖိုးများနှင့် ဆန့်ကျင်ကာ ထိုသို့သောသတင်းမျိုး ပေါ်ထွက်လာခြင်းအပေါ် များစွာ အံ့ဩမိပါကြောင်း၊ အိုမန်နိုင်ငံနှင့် ဆက်ဆံရေးများကို တန်ဖိုးထားမြှင့်တင်ရန်သာ စိတ်အားထက်သန်လျက် ရှိကြောင်း ယူအေအီး ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

အိန္ဒိယ၌ ရထားလမ်းချော် သေဆုံးသူ ၁၅ ဦးရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယမြောက်ပိုင်းရှိ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က ရထားလမ်းချော်မှုကြောင့် ၁၅ ဦး သေဆုံးခဲ့ပြီး ၅၀ ဒဏ်ရာရခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ဒေသတွင်း သတင်းဌာနများက ဖော်ပြသည်။

ဖြစ်စဉ်မှာ ရထားခေါင်မိုးပေါ်၌ လူပေါင်းများစွာ စည်းကမ်းမဲ့ စီးနင်းလိုက်ပါခဲ့ပြီး အရှိန်ပြင်းပြင်း ခုတ်မောင်းနေစဉ်မှာပင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်မြို့တော် လက်ခ်နောင်းမှ ကီလိုမီတာ ၁၃၀ အကွာ ရှရာဟမ်ပါးအနီးရှိ မိုးပျံတံတားအနီးတွင် လမ်းချော်ခဲ့သဖြင့် ပြုတ်ကျသွားခဲ့ကြခြင်းဖြစ်ကြောင်း အိန္ဒိယတိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။ **(ယာပုံ)**

ရထားခေါင်မိုးပေါ်ရှိ စီးနင်းလိုက်ပါလာသူများမှာ လွန်ခဲ့သည့်လက ဖျက်သိမ်းခံခဲ့သည့် ဘာရယလီ ရဲစုဆောင်းရေးစခန်းမှ ပြန်လာသောလူများဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ



မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် - စုစည်းသည်

အိန္ဒိယ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံ မဟာရာထရာပြည်နယ်အနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၃ရက်က အိန္ဒိယစစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ အားလုံးသေဆုံးခဲ့ကြောင်း အိန္ဒိယစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)**

ရဟတ်ယာဉ်ပျက်ကျသည့်နေရာမှာ မဟာရာထရာပြည်နယ် နာရှစ်မြို့အနီးတွင်ဖြစ်ပြီး ယင်းနေ့ နံနက် ၉နာရီ ၁၅မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်ပေါ်တွင် လေယာဉ်မှူးနှစ်ဦးပါရှိပြီး နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

၎င်းရဟတ်ယာဉ်အမျိုးအစားများကို အိန္ဒိယက လာမည့်နှစ်များတွင် စစ်ဘက်ရဟတ်ယာဉ်များအဖြစ် အစားထိုးအသုံးပြုရန် စီစဉ်ထားရာ လောလောဆယ်တွင် ကင်းလှည့်ပျံသန်းခြင်းများ၌ အသုံးပြုလျက်ရှိသည်။ **(အင်တာနက်)**

စစ်ဘက်ဆိုင်ရာဂြိုဟ်တု ရုရှားလွှတ်တင်

မော်စကို ဖေဖော်ဝါရီ ၃

ရုရှားနိုင်ငံက စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီက အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ရွှေ့ဆိုင်းခဲ့

၎င်းဂြိုဟ်တုသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာနအတွက် သီးသန့် အသုံးပြုရန်ဖြစ်ပြီး ဂျီရိုအိုင်ကီ-၂ ဟု အမည်ပေးထားကြောင်း၊ မျိုးဆက်သစ်ဂြိုဟ်တုဖြစ်ကြောင်း ရုရှားအရာရှိတစ်ဦးက ဆက်လက်ပြောကြားသည်။

အဆိုပါဂြိုလ်တုသည် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများရရှိစေရန်ဖြစ်ပြီး မူလက ၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း လွှတ်တင်ရန်စီစဉ်ထားခဲ့သော်လည်း နည်းစနစ်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ယာစီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်မှု ကွင်းစလန်းရှိ နေအိမ်များစွာ ပျက်စီး

ကွင်းစလန်း ဖေဖော်ဝါရီ ၃

အလွန်အင်အားပြင်းထန်သော ယာစီဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂ရက် ညနေပိုင်းက ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကိုင်ယာမြို့တောင်ပိုင်း ကမ်းရိုးတန်းဒေသသို့ဝင်ရောက်ခဲ့ရာ မုန်တိုင်းကြောင့် နေအိမ်တိုင်များကျွတ်ခြင်း၊ အမိုးများပြုတ်ကျခြင်း၊ သစ်ပင်ကြီးများကျွတ်ထွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ယိုင်လဲခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ (အောက်ပုံ)

ပြောင်းရွှေ့

တစ်နာရီ ကီလိုမီတာ ၃၀၀နှုန်း (မိုင်၁၉၀)ဖြင့် တိုက်ခတ်သည့် ယင်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာပြီး တဖြည်းဖြည်းအားပျော့သွားလိမ့်မည်ဟု ဩစတြေးလျမိုးလေဝသဌာနကခန့်မှန်းထားသည်။ ယာစီမုန်တိုင်းလမ်းကြောင်းတစ်လျှောက်ရှိ လူပေါင်း ၃၀၀၀၀ကျော်ကိုလည်း ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

မုန်တိုင်းကြောင့် ထိခိုက်သေကျေဒဏ်ရာရမှု မရှိသေးသော်လည်း နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများ၏ ဖေဖော်ဝါရီ ၃ရက်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ *(အင်တာနက်)*

Networking သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

NetInfo နည်းပညာသင်တန်းကျောင်းသည် ပြည်တွင်း၊ ပြည်ပတွင် Computer Networking နည်းပညာဖြင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ဆက်သွယ်ရေးနည်းပညာကုမ္ပဏီ၊ ဘဏ်များ၊ အင်တာနက်အခြေပြု စီးပွားရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်နေသော နည်းပညာ ဝန်ထမ်းများအတွက် နိုင်ငံတကာ အသိအမှတ်ပြု Cisco CCNA နှင့် Microsoft MCITP Networking သင်တန်းများကို တန်းခွဲသစ်နှစ်ခု ထပ်မံဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

Cisco CCNA သင်တန်းတွင် Enterprise နှင့် Cooperate Level ၌ အသုံးပြုကြသော အဆင့်မြင့် Cisco Router, Cisco Switch များ၏ Function များ၊ Configuration များအကြောင်း အခြေခံကျကျ သိရှိနားလည်စေမည်ဖြစ်ပြီး ၎င်း Device များကို လက်တွေ့ကိုင်တွယ်သုံးစွဲ၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ Microsoft MCITP သင်တန်းတွင် ကမ္ဘာအနှံ့ လူသုံးအများဆုံးဖြစ်သော Windows Server 2008 ကို အခြေခံမှုစ၍ သင်ကြားပေးမည်ဖြစ်ပြီး NetInfo နည်းပညာသင်တန်းကျောင်း၌ ကိုယ်ပိုင်တည်ဆောက်ထားသော Windows Server များကို လက်တွေ့လေ့လာသင်ယူရမည်ဖြစ်သည်။

သင်တန်းများကို ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်တက်ရောက်နိုင်သည်။

သင်တန်းပြီးဆုံးပါက မိမိတို့၏ ကိုယ်ရေးမှတ်တမ်းများနှင့် Certificate များကိုပေးထားလျှင် ကုမ္ပဏီများသို့ ဆက်လက်ပေးပို့ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင် (၂) အခန်း (၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၀၇၀၄၅၊ ၆၅၂၂၉၁နှင့် ၆၅၂၂၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ဒီဇင်ဘာ ၂၇ရက်က အမှတ်(၄) ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ဝဲယာတွင် မြို့သာယာလှပရေးအတွက် ကပ်တုံးပြုလုပ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

LIFESTYLES Expo -2011 တွင် လေဆာပရင်တာများ ပြသရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၃

CONCORDIA Int'l Co., Ltd. မှ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် LIFESTYLES Expo - 2011 ပြပွဲတွင် ဝင်ရောက်ပြသ ရောင်းချလျက်ရှိသည်။

ခင်းကျင်းပြသ

အဆိုပါပြပွဲတွင် CONCORDIA Int'l Co., Ltd. က တင်သွင်းဖြန့်ချိသော Fuji Xerox အမှတ်တံဆိပ် ကာလာ လေဆာပရင်တာများ၊ အဖြူအမည်း လေဆာပရင်တာများ၊ ကာလာမိတ္တူကူးစက်များ၊ Toner Cartridge များနှင့် ဆက်စပ်ပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၊ GARMIN အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များကို ခင်းကျင်းပြသ ရောင်းချသွားမည် ဖြစ်သည်။

လက်တွေ့ရှင်းလင်း

ကာလာဖြင့် Presentation ပြုလုပ်ချင်သူများ၊ Offset အစားထိုးသုံးစွဲရန်ပြင်ဆင်နေသူများ၊ ရုံးလုပ်ငန်းအတွက် ကာလာစာရွက်ဖြင့် အသုံးပြုချင်သူများအတွက် ကျွမ်းကျင်ဝန်ထမ်းများက နည်းပညာနှင့် ပတ်သက်သော ကာလာသီအိုရီအကြောင်းနှင့် အသုံးပြုပုံကို လက်တွေ့ရှင်းလင်းပြသသွားမည်ဖြစ်သည်။

ရောင်းချ

အထူးအစီအစဉ်အဖြစ် ပွဲတော်ကာလအတွင်း Personal သုံး အဖြူအမည်း လေဆာပရင်တာများ၊ကာလာလေဆာပရင်တာများ၊ ကာလာမိတ္တူကူးစက်များနှင့် ၎င်းတို့နှင့် ဆက်စပ်ပစ္စည်းများကို ၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည့်အပြင် Color Laser Printer ၏ Toner Cartridge များကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက CONCORDIA Int'l Co., Ltd. ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀-၀၉၂၂၁၊၇၃၀-၀၉၂၁၅၊ ဖက်စ် (၉၅၁) ၅၄၄၁၉၉၊ မန္တလေးအမှတ်(၅) မြေညီထပ် SY အဆောက်အအုံလမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ် ၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈နှင့် ၀၆၇-၄၂၀၈၁၉ တို့တွင် ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅ နှစ်နှင့်အထက် အသင်းနာယကများ၊ အသင်းအလုပ်အမှုဆောင်များ၊ အသက် ၈၀နှင့်အထက် အသင်းဝင်များသည် အသင်းဝင်ကတ်၊ သက်ဆိုင်ရာ အထောက်အထားများဖြင့် ဖေဖော်ဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမှတ် ၁၁၅ ပထမထပ်၊ (ယာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ရှိ အသင်းရုံးသို့ ပေးပို့ကြရန်နှင့် အလှူငွေများကို အသင်းရုံး ဖုန်း-၄၃၀၁၇၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

တစ်ပတ်စာ ရုပ်ရှင်အမြည်း

မြန်မာရုပ်ရှင်ဟာသဇာတ်ကား ဟော့ရှော့-3 နိုင်ငံခြားဇာတ်ကားနှစ်ကားနှင့်အတူ အပြိုင်ရုံတင်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာရုပ်ရှင်ဟာသဇာတ်ကား ဟော့ရှော့-3 ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံများသို့ ဝင်လာသည်။ (အောက်ပုံ)

ဇာတ်လမ်းတွင် ရုပ်ရှင်သမားများဖြစ်ကြသည့် အောင်ထိပ်၊ တင်မောင်နှင့် ညိုဝင်းတို့သုံးဦး ပြင်ဦးလွင်၌ ရုပ်ရှင်ရိုက်ရင်း ဟိုတယ်တစ်ခုတွင် တည်းခိုကြစဉ် ဟိုတယ်ပိုင်ရှင်သမီး ခိုင်မာ၊ သူငယ်ချင်းများဖြစ်ကြသော ချစ်ငယ်၊ တင်ကြီးမောင်တို့နှင့် ချစ်သူအသီးသီး ဖြစ်သွားကြသည်။ ၎င်းနောက် မီးပုံပွဲတစ်ခုတွင် ကြက်သားကာလသားဟင်း ချက်စားရာမှ မူးမေ့ကုန်ကြစဉ်....။ ထိုမှသည် ဟိုတယ်ပိုင်ရှင်သမီးခိုင်မာတွင် သမီးလေးခက်ခက်ကို မွေးဖွားလာခဲ့ရာ ခက်ခက်၏ အဖေအစစ် မည်သူဖြစ်သည်ကို ဟာသနှောရှာဖွေထားသော ဇာတ်လမ်း တစ်ပုဒ်ဖြစ်သည်။ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ လွင်မိုး၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေခလာ၊ မေသန်းနု၊ သက်မွန်မြင့်

ကိုလင်း
ရုပ်ရှင်သတင်းထောက်

စသည်တို့အပြင် ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

ရန်ကုန်မြို့ရှိ နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံ၌ THE GREEN HORNET အင်္ဂလိပ်မှုခင်းဇာတ်ကားနှင့် ရွှေဆောင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် HISSSS အိန္ဒိယဇာတ်ကားသစ်များ ရုံဝင်လာသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	နိုင်ငံတော်သီချင်း
၇:၁၀	၃။	တရားတော်
၇:၁၅	၄။	ဓမ္မပူဇာတေး
၇:၂၀	၅။	မျိုးချစ်တပ်မတော်
၇:၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	ဦးတည်ချက် (၁၂)ရပ်
၈:၁၅	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	နိုင်ငံတော်သီချင်း
၄:၁၀	၃။	အဖွင့်သီချင်း
၄:၁၅	၄။	မျိုးချစ်တပ်မတော်
၄:၂၅	၅။	မဟာဂီတချိုကြည်မြ
၄:၃၅	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၅	၇။	အိုင်စီတီသုတ
၄:၅၅	၈။	အားလုံးရဲ့တာဝန်
၅:၁၀	၉။	၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၅:၂၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၁။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ငှက်တို့၏ဗိမာန်** (အပိုင်း-၂) (ဇာတ်သိမ်း)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	**ရွာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅	၁၅။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၇:၀၀	၁၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၆)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဦးတည်ချက် (၁၂)ရပ်
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	သံစဉ်များနှင့်ကမ္ဘာ
	၂၃။	လျှပ်တစ်ပြက်
	၂၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၇)
	၂၇။	ကမ္ဘာ့တစ်ခွင်ခရီးစဉ်
	၂၈။	အစီအစဉ်ပြီး၏။

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဥက္ကံဈေးအတွင်း အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၄ ရက်က စည်ပင်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

KNU သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဝဲဒူးပြတ်ဒဏ်ရာရရှိခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမာမောင်းမြို့နယ်ခွဲ ပုဇွန်မြောင်းကျေးရွာနေ ဦးဖားတုသည် ဇန်နဝါရီ ၃၀ရက် နံနက် ၈နာရီခန့်တွင် ၎င်းပိုင် ဆင်တစ်ကောင်အား လိုက်လံရှာဖွေစဉ် ကတိုင်တီကျေးရွာ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ထီးကလော်ချောင်းအနီး၌ KNU သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဒူးပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ကတိုင်တီဆေးခန်း၌ ကုသပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦးသေဆုံးပြီး အမျိုးသား ၁၆ ဦး၊ အမျိုးသမီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ဝေးမြို့နယ်နှင့် ပုသိမ်မြို့တို့၌ မီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၁နာရီခန့်တွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက်ရှိ နေအိမ်တစ်လုံး၌ ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မိနစ် ၂၀ခန့်ကြာမြင့်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါနေအိမ် အမိုးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးပေါ်ဆသူ ဦးမောင်မြင့်အား လယ်ဝေးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၆)ရပ်ကွက် ကမ်းနားလမ်းရှိ ဆီဆိုင်တစ်ဆိုင်၌ ဆီဆိုင်လုပ်သားတစ်ဦးက ဆီပီပါ အဖုံးအား ဂေါက်ဖြင့်ရိုက်ဖွင့်စဉ် အပူရှိန်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ၎င်းလုပ်သား မီးအဟပ်ခံခဲ့ရကြောင်း၊ ထို့ပြင် ဆိုင်ခန်းတစ်ခန်း၊ ဒီဇယ်၊ ရေနံချေးနှင့် ဓာတ်ဆီပီပါများ၊ ဘေးဝန်းကျင်အိမ်များ၊ ပီနံအိတ်ခွံနှင့် မျက်နှာကြက်နှင့်အမိုးအချို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဆီဆိုင်လုပ်သား တက်တိုးအား အသည်ကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနက မီးသတိပေးချက်အနေဖြင့် မီးကို ပေါ့ပေါ့ဆဆ မသုံးပါနှင့်၊ ကလေးနှင့်သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း မချက်ခိုင်းပါနှင့်၊ မတော်တဆမီးလောင်လျှင် ကျိတ်မသတ်ပါနှင့်၊ အိမ်နီးနားချင်းကို အကူအညီတောင်းခံပါ၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ အမွှေးတိုင်မီးတို့ကို သတိပြု၍ ငြိမ်းသတ်ပါ၊ ဓာတ်ဆီ၊ ရေနံဆီ စသည့်လောင်စာများကို စနစ်တကျ ထားသိုပါ၊ အိမ်ပြင်ထွက်လျှင် လျှပ်စစ်မီးအားလုံး ပိတ်ခဲ့ပါ၊ မီးဖိုမီးရှိလျှင် ငြိမ်းသတ်ခဲ့ပါ စသည်ဖြင့် သတိပေးထားရာ တစ်ဦးချင်းအနေဖြင့်ရော၊ အားလုံးကပါ ဂရုတစိုက် လိုက်နာကျင့်သုံးပါက မီးဘေးအန္တရာယ် အမှန်တကယ် ကင်းဝေးမည်ဖြစ်ကြောင်း နှိုးဆော်လိုက်ရပါသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မွန်သောင်းကျန်းသူအဖွဲ့နှစ်ဖွဲ့ ပစ်ခတ်မှုဖြစ်ပွား အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မယ်တရိုကျေးရွာ၌ ဇန်နဝါရီ ၃၁ ရက် ညပိုင်းတွင် မွန်သောင်းကျန်းသူအဖွဲ့နှစ်ဖွဲ့ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ မွန်သောင်းကျန်းသူအဖွဲ့နှစ်ဖွဲ့မှ ဒဏ်ရာရ၊ သေဆုံးမှုစာရင်းအား မသိရှိရသေးကြောင်း သိရှိရသည်။

မွန်ခွဲထွက်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ ကိုရင်လေး(ခ)ကွန်ဟပွေး ဦးစီးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီမှ တပ်ခွဲမှူးအဆင့်ရှိ ဘကျော် ဦးစီးအဖွဲ့တို့ မယ်တရိုကျေးရွာဥက္ကဋ္ဌ၏ အိမ်အနောက်ဘက် ၁၅ ပေခန့်အကွာ ရော်ဘာခြံစပ်၌ ည ၁၀ နာရီ ၅ မိနစ်ခန့်မှ ၁၀ နာရီခွဲခန့်အထိ ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်မှုဖြစ်ပွားစဉ် ကျေးရွာဥက္ကဋ္ဌ၏ဖခင် ဦးကလိုင် အသက် ၈၃ နှစ်မှာ လက်နက်ငယ်ကျည်များထိမှန်ပြီး သေဆုံးသွားခဲ့ကြောင်း၊ ထို့နောက် မွန်သောင်းကျန်းသူအဖွဲ့များ ဆုတ်ခွာသွားရာ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ပြန်လည်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့သည့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ပြန်လည်ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် *စာမျက်နှာ ၄ ကော်လံ ၁* ◆

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယနေ့ အစည်းအဝေးကို ပြန်လည်ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု
❖ ဒုတိယပင်လုံ၏ အနှစ်သာရမဲ့မှု — မောင်စူးစမ်း၏ဆောင်းပါး စာ- ၈၊ ၉
❖ ခြောက်ဆယ့်လေးနှစ်တိုင်ခဲ့ပြီ — နှင်းမောင်(ဇီးကုန်း)၏ ကဗျာ စာ-၈
❖ ညီညွတ်မှုရဲ့အကျိုး၊ စည်းလုံးမှုရဲ့ရလဒ် — ကျော်သူဟိန်း၏ ကာတွန်း စာ-၉